## ၇။ ရွှေ့ပြောင်းနှံကောင်

**Migratory locust : *Locusta migratoria* (Linnaeus, 1758)**

**Orthoptera : Acrididae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ



ပထမအဆင့်နှင့် ဒုတိယအဆင့်အကောင်ငယ်များသည် အနက်ရောင်ရှိ၍ တတိယအဆင့်ရောက်မှ သာ ခန္ဓာကိုယ်ဘေးယက်တွင် အဝါနှင့် လိမ္မော်ရောင် အမှတ်အသား မြင်ရလေ့ရှိပါသည်။ခန္ဓာကိုယ်အရွယ်အစားမှာ အဆင့်အလိုက်(၁၀–၅၅)မီလီမီတာခန့် ရှိသည်။ အကောင်ကြီး သည်လိင်စုံမျိုးပွားနိုင်ပြီး ကြီးမားသော အုပ်စုဖွဲ့နေလေ့ရှိသည်။ အမသည် (၅၀–၇၅)မီလီမီတာနှင့် အထီးမှာ (၄၀ – ၅၅) မီလီမီတာခန့်ရှိသည်။ အေးသောပတ်ဝန်းကျင်တွင် အရောင်မှောင်ပြီး ပူသောရာသီတွင် ဖျော့တော့ သော အရောင်ရှိကာ ပုံမှန်အားဖြင့် ကောက်ရိုးရောင်တွေ့ရသည်။ လောဘတကြီး စားသောက် တတ် သော သီးသန့်နေထိုင်သော အလေ့ရှိ သည့် အကောင်များတွင် အမဲရောင်အမှတ်ပါ သောအညိုဖျော့ ရောင် တွေ့ရလေ့ရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ




ထင်ရှားသောဖျက်ဆီးပုံလက္ခဏာအားဖြင့် တွေ့ရလေ့ရှိပါသည်။အရွက်များအား စတင်ဖျက်ဆီးတတ်ပါသည်။ အရွက်ကြောများ(အထူးသဖြင့်) ရွက်လယ်ကြောအား ကိုက်ဖြတ် စားသောက်တတ်ပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - ( ၁၀-၆၅ ) ရက် |
| ပိုးမမည် အဆင့် | - ( ၃၀-၄၀ ) ရက် |
| အကောင်ကြီး အဆင့် | - ( ၉၀-၁၅၀) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

**စိုက်နည်းစံနစ်များဖြင့်ကာကွယ်နှိမ်နင်းခြင်း**

(၁)စိုက်ချိန်စောစိုက်ပါ။

(၂)သီးလှည့်စိုက်ပျိုးပါ။

(၃)ထယ်/ထွန်နက်နက်မွှေပါ။

(၄)ထောင်ချောက်များဖြင့်ဖမ်းယူပါ။

**လူအင်အားဖြင့်ကာကွယ်နှိမ်နင်းခြင်း**

(၁)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)မီးရှို့သတ်ပါ။

(၃)ထွန်ခြစ်များဖြင့်မြေကြီးအတွင်းရှိဥများအားဖျက်ဆီးပါ။(ဥမြုံများအားမြေကြီးအတွင်းမှ ဖော်၍နေပူစေခြင်းဖြင့်ခြောက်ပြီးသေစေရန်)

**သဘာဝ(သို့)ဓါတုဆေးများဖြင့်နှိမ်နင်းခြင်း**

(၁)တမာပိုးသတ်ဆေးအားဆပ်ပြာဖျော်ရည်ဖြင့်ရောစပ်ပက်ဖျန်းပါ။

(၂)အဆိပ်အာနိသင်မပြင်းထန်သောဓါတုပိုးသတ်ဆေးများအသုံးပြုပါ။

အကောင်အရေအတွက် နည်းချိန်နှင့် အကောင်ငယ် ဘဝတွင် လိုအပ်ပါကထိသေ၊ စားသေ အာနိသင်ရှိပိုးသတ်ဆေး တစ်မျိုးမျိုးကိုဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒယ်လ်တာမီသရင် (Deltamethrin)
- ဆိုက်ပါမီသရင် (Cypermethrin)
- လမ်ဒါဆိုင်ဟေလိုသရင် (Lambda –cyhalothrin)